

ဘာသာပြန် စာရေးဆရာ - 8Black Hands

# သက်တန့်ရောင်မိန်းမပျို

## (ယွီရှောင်ချောင်း)

(Chapter 700 - 713)

စာစဉ် - ၅၁

# အခန်း ၇၀၀
# ကျောက်တွင်းရှာခြင်း

ကျူးကျွင်းယန်ရဲ့ အထူးစွမ်းရည်နဲ့ သူ့ဒုတိယအစ်ကိုကို စိတ်အနှောင့်အယှက် ပေးနေတဲ့ တစ်စုံတစ်ခုရှိနေပြီး ၎င်းက သူတို့ကြားမှာ စိတ်ဝမ်းကွဲနေစေတယ်ဆိုတာ သူ အတပ်ပြောနိုင်သည်။ ယခင်ကတော့ သူ ဒီထက်ပိုပြီး ဆက်လက်မစူးစမ်းခဲ့ပေ။ ယခု သူတို့ကြားက နားလည်မှုလွဲနေတာတွေကို ပြန်လည်ဖာထေးနိုင်ရန် အခွင့်အရေးရခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။

ကျူးကျွင်းရှီက သူ့ပခုံးကိုပုတ်ပြီး ပြုံးသည်။

"တပ်ထဲရောက်ပြီးတော့ မတူညီတဲ့ ဘဝလမ်းကြောင်းကို လျှောက်နေသူတွေ အများကြီးနဲ့ တွေ့ခဲ့ရတယ်။ အဲ့ဒီကနေ ကမ္ဘာကြီးအပေါ် ငါ့ရဲ့အမြင်တွေ ပိုကျယ်လာပြီး ပိုနားလည်ပေးတတ်လာတယ်။ အခု မင်းမှာ ကိုယ်ပိုင်လုပ်ငန်းနဲ့ မိသားစုရှိနေပြီ။ ငါ့မှာလည်း ကြိုးစားလုပ်ရမယ့် ကိုယ်ပိုင်လမ်းကြောင်းရှိနေပြီ။ ငါတို့မိဘတွေရဲ့ မျက်နှာသာပေးမှုနဲ့ ပိုအချစ်ခံရဖို့အတွက် အသည်းအသန်ကြိုးစားတဲ့ ကလေးတစ်ယောက်လို ငါ ပြုမူနေဦးမယ်ဆိုရင် ရူးကြောင်ကြောင်နိုင်တာပဲ မဟုတ်လား"

"ဒုတိယအစ်ကို၊ မိဘတွေအနေနဲ့ အားနည်းတဲ့ ပြဿနာပိုတက်တဲ့ ကလေးကို အချိန်ပိုပေးပြီး အာရုံစိုက်တာက မလွှဲရှောင်နိုင်တဲ့အရာပါ။ တကယ်တော့ ကျွန်တော် ဒုတိယအစ်ကိုနဲ့ အစ်ကိုအကြီးဆုံးကို အမြဲတမ်းအားကျနေခဲ့တာ။ ကျွန်တော့်မှာ ရွေးချယ်ခွင့်သာ ရှိမယ်ဆိုရင် အခြား

ကလေးတွေလို ပူပင်ကြောင့်ကြမဲ့တဲ့ ပျော်ရွှင်စရာ ကလေးဘဝကိုပဲ ဖြတ်သန်းချင်တယ်။ အဲ့လိုဆို ကျွန်တော် မိဘတွေရှေ့မှာ ဆိုးတေ အလိုလိုက်ခံပြီး စိတ်ရှိတိုင်း ပြုမူနေနိုင်ခဲ့မှာ"

ကျူးကျွင်းယန်က ဘေးနားတဝိုက်က ပန်းကလေးတွေကဲ့သို့ တောက်ပစွာ ပြုံးနေသော မိန်းကလေးကို လှမ်းကြည့်လိုက်သည်။ သူ့မျက်လုံးတွေက သိသာထင်ရှားစွာ နူးညံ့နေသည်။ ဒီဘဝတွင် သူရရှိသည့် တစ်ခုတည်းသော မျှော်လင့်ချက်ရောင်ခြည်လေးနဲ့ တွေ့ဆုံခွင့်ပေးသည့်အတွက် ကောင်းကင်ဘုံကို ကျေးဇူးတင်မိသည်။

ကျူးကျွင်းရှီ သူ့ညီကြည့်ရာဆီသို့ လိုက်ကြည့်သောအခါ မိန်းကလေးနှစ်ယောက် ကျယ်လောင်စွာ ရယ်မောနေကြသည်ကို တွေ့လိုက်ရ၏။ သူ့နှုတ်ခမ်းတွေ ကွေးတက်သွားသည်အထိ ပြုံးကာ ပြောလိုက်သည်။

"သွားကြရအောင်! ဒီကတောဝက်တွေ ဘယ်နေရာမှာ ပုန်းရတာကြိုက်လဲ ငါသိတယ်။ မင်းက မြားပစ်ကျွမ်းတော့ တောဝက်တစ်ကောင်လောက်ပြန်သယ်ရအောင်။ ခယ်မလေးက ဝက်သားမျှင်နဲ့ ဝက်သားချောင်း လုပ်တတ်တယ်လို့ ပြောတယ်မလား? အသားမရှိဘူးဆို ဘယ်လုပ်လို့ ရမှာလဲ"

"အစ်ကိုတို့နှစ်ယောက်က ဘယ်လိုခိုင်းစားရမယ်ဆိုတာ ကောင်းကောင်းသိတာပဲ! ကျွန်တော်တို့လင်မယား အခုမှ ဒီကို ရောက်စရှိသေးတယ်။ တောဝက်အမဲလိုက်ခိုင်းရတာနဲ့ အသားချောင်း လုပ်ခိုင်းရတာနဲ့"

သူ့ပါးစပ်မှ ညီးညူသံတွေ ထွက်လာသော်လည်း ကျူးကျွင်းယန်က ရှေ့သို့ လမ်းဆက်လျှောက်တာ မရပ်ပေ။ ညီအစ်ကိုနှစ်ယောက်သား တောအုပ်ထဲသို့ နက်သထက် နက်သည်အထိ ဦးတည်ဝင်ရောက်သွား ကြသည်။

သစ်တောရဲ့ ကွက်ကျားကွက်ကျား မှောင်မိုက်သော နေရာအတွင်းမှ ကျူးကျွင်းရှီ၏ ရယ်သံကို ကြားရနိုင်သည်။

"ဘာဖြစ်လို့လဲ မင်းဇနီးအတွက် စိတ်မကောင်းဖြစ်နေတာလား? စိတ်မပူပါနဲ့ကွာ။ ငါတို့က မင်းဇနီးကို ဘာတစ်ခုမှ လုပ်ခိုင်းမှာ မဟုတ်ပါဘူး။ စစ်သူကြီးမူရဲ့ လက်အောက်မှာ စွမ်းဆောင်ရည်ရှိတဲ့ အမျိုးသမီး စစ်သည်တွေ အများကြီး ရှိပါတယ်။ မင်းဇနီးက ပါးစပ်လေးလှုပ်လိုက်ရုံနဲ့ ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ပါတယ်"

ဟန်ရှောင်းမူ အသားမျှင်ဘူး တစ်ဝက်စားပြီး ရှောင်ချောင်းချန်ခဲ့တဲ့ တရုတ်ဆီးသီးခြောက် လက်ကျန်အချို့ကို စားပြီးချိန်တွင် ညီအစ်ကို နှစ်ယောက်က ကျင်းသုံးရာလေးရာခန့်ရှိသော တောဝက်တစ်ကောင် ထမ်းကာ ပြန်လာကြသည်။ နေ့လည်စာအတွက် တောဝက်သားကို လှီးဖြတ် ဝေခြမ်းကြသည်။ အသားတစ်ဝက်ကို ရာထူးမြင့်တပ်သားတွေနှင့် ကျူးကျွင်းရှီ၏ ကိုယ်ပိုင်လက်ထောက်တွေအဖို့ ခွဲပေးသည်။ ကျန်တာတွေကို ကြာကြာ သိမ်းထားဖို့အတွက် ဖယ်ထားလိုက်သည်။ အသားတုံးကြီးကို အသားချောင်း ပြုလုပ်ရန်ဖြစ်ပြီး ပိုသေးတဲ့အတုံးကို အသားမျှင် ပြုလုပ်မည်။

နောက်နေ့မနက်သို့ ရောက်သောအခါ ရှောင်ချောင်းက သူမကတိအတိုင်း ရိုးရှင်းသည့်ကိရိယာနှင့် ပါဝင်ပစ္စည်းတွေ အသုံးပြုပြီး အသားမျှင် ပေါင်မုန့်နှင့် အသားမျှင်ပါသော အချိုပွဲတွေ ပြုလုပ်ပေးသည်။ အနောက်တောင်ပိုင်း ဒေသသည် ပူနွေးစိုစွတ်သောကြောင့် အစားအသောက်တွေ တာရှည်ခံအောင်ပြုလုပ်ရန် ခဲယဉ်းသည်။ ဟန်ရှောင်းမူသည် ဤအစားအစာသစ် နှစ်မျိုးကို နှစ်နပ်အတွင်းမှာ ကုန်အောင်စားပစ်လိုက်သည်။ သူမက ထိုပေါင်မုန့်နှင့် မုန့်ပြုလုပ်နည်းတွေကို ရှောင်ချောင်းထံ အရှက်မရှိပင် တောင်းဆိုခဲ့သေးသည်။ ဟင်းချက်တော်တဲ့ သူမရဲ့ အမျိုးသမီး စစ်သည်တစ်ယောက်ကို ထိုဟင်းချက်နည်းတွေ သင်ခိုင်းဖို့ ကြံရွယ်နေတာဖြစ်သည်။ သူမကတော့ ကွတ်ကီးပုံစံထွက်ဖို့တောင် ပုံစံခွက်သုံးရတဲ့သူမို့ ဖြစ်မှာမဟုတ်ဘူးဆိုတာ

သိသည်။

ကျူးကျွင်းယန်တို့ လင်မယားက စစ်စခန်းမှာ နှစ်ရက်ကြာ ခရီးတစ်ထောက်နားပြီးနောက် မြန်မာနယ်စပ်ဆီ ထွက်ခွာခဲ့ကြသည်။ မြန်မာနယ်စပ်တွင် ‘ပညာရှိကျောက်စိမ်းနန်းတော်’ရဲ့ တာဝန်ခံကျန်းသည် မြန်မာမင်းသားတစ်ပါးနှင့် သဘောတူညီမှုတစ်ခု ရယူပြီး ကျောက်စိမ်းတွင်း တစ်ခု ဝယ်ယူနိုင်ခဲ့သည်။ ထိုနေရာမှ ကျောက်စိမ်းတွင်းသည် အတော်လေး အထွက်ကောင်း၏။ သို့သော် ကျောက်စိမ်းတွင်းသည် အရွယ်သေးပြီး သူတို့မဝယ်ယူခင်ကတည်းက အသုံးပြုပြီးသားဖြစ်သည်။ ထို့ကြောင့် ထိုနေရာမှ ကျောက်စိမ်းတွင်းသည် မြို့တော်မှဆိုင်၏ လိုအပ်ချက် မပြည့်မှီတော့သည့်အထိ အထွက်နှုန်း တဖြည်းဖြည်း ကျဆင်းလာသည်။

လက်ရှိ ကျောက်လောင်းကစားလုပ်ငန်းဟာ ဆိုင်မှ ကျောက်စိမ်းရိုင်းတုံး အများစု လိုအပ်နေသည်။ တစ်ဖက်တွင်လည်း ပညာရှိကျောက်စိမ်းနန်းတော်ရဲ့ ကျောက်မြတ်လုပ်ငန်းသည် ဒုတိယနေရာသို့ ရောက်ရှိနေသည်။ နေ့ချင်းညချင်း ချမ်းသာလာနိုင်သည့် ကိစ္စသည် မျိုးရိုးမြင့်လူကုံထံမိသားစုမှ လူတွေကို ဆွဲဆောင်နိုင်ရုံသာမက အလယ်အလတ်လူတန်းစားကြားတွင်လည်း လူသိများ ထင်ရှားလာသည်။ ကျောက်လောင်းဖို့အတွက် ကျောက်ရိုင်းတစ်တုံးဝယ်ရန် ပိုက်ဆံစုသည့် လူတစ်ချို့ပင်ရှိပြီး အချို့သည် တကယ်ကံကောင်းကြသည်။ ရေခဲတမျှ ကြည်လင်သောကျောက်စိမ်းတုံးအောင်သည့် သူတစ်ယောက်လည်း ရှိသည်။ ပညာရှိကျောက်စိမ်းနန်းတော်က ကံကောင်းသည့် ဝယ်သူဆီမှ ထိုအဖိုးတန်ရတနာကို ဈေးအကြီးကြီးပေးကာ ပြန်ဝယ်ယူခဲ့သည်။ တာဝန်ခံကျန်းက ထိုအကြောင်းကို သတင်းဖြန့်ပြီးနောက် ကျောက်လောင်းကစားလုပ်ငန်းသည် ပို၍ ကျော်ကြားလာသည်။ ဒီတစ်ကြိမ် ကျူးကျွင်းယန် လာရောက်ခြင်း

သည် သူ့ဇနီး၏ စူးစမ်းချင်စိတ်ကို ဖြည့်ဆည်းပေးရန်တင် မဟုတ်ပေ။ နောက်ထပ် ကျောက်စိမ်းတွင်းတစ်ခု ဝယ်ယူ၍ ရနိုင်မလားဆိုတာ ကြည့်ချင်သည့် ရည်ရွယ်ချက်လည်း ပါဝင်သည်။

လက်ရှိကျောက်စိမ်းတွင်းကို သူ့ဇနီးအား လိုက်လံပြသပြီးနောက် ကျူးကျွင်းယန်က မင်းသားထံမှ နောက်ထပ် ကျောက်စိမ်းတွင်းတစ်ခု ဝယ်ယူနိုင်မည်လား လျှောက်ထားရန် ကြားလူတစ်ယောက်အား စေလွှတ်ခဲ့သည်။ ပညာရှိကျောက်စိမ်းနန်းတော်၏ ဝက်ဝက်ကွဲ အောင်မြင်မှု ရရှိနေသည်ကို နမူနာယူပြီး မင်တိုင်းပြည်၏ မြို့တော်မှ ကျောက်ကုန်သည် အများစုသည် အသားတုံးကြီးကို ဖြတ်ခုတ်ရန် ချောင်းမြောင်းနေကြလေ သည်။ ထို့ကြောင့် ကျောက်စိမ်းတွင်း ပြုလုပ်နေကြသူတွေသည် ရောင်းမကောင်းမှာ စိတ်ပူနေဖို့ မလိုတော့ပေ။

မြန်မာမင်းသားသည် ထိုနေရာမှ အကျိုးအမြတ်အားလုံးကို တိုင်းတစ်ပါးသားတစ်ယောက် ရယူသွားမှာမျိုး သေချာပေါက် ခွင့်ပြုမည် မဟုတ်ပေ။ သို့သော် သူ့ရှေ့က ပုဂ္ဂိုလ်သည် ဘယ်သူဘယ်ဝါ ဖြစ်သည်ဆိုတာ သူလည်း သိသည်။ ထိုသူသည် မင်အင်ပါယာ၏ နာမည်ကြီး စစ်နတ်ဘုရား အပ်ပါယာမင်းသားရှု။ ဤအထင်ကြီးစရာ နာမည်ကျော်နှင့် အတွင်းရေးဆက်ဆံမှုရှိခြင်းသည် နောင်တစ်ချိန် ထီးနန်းရယူရာမှာ အသာစီးရမှု တိုးပွားစေနိုင်သည်။ ထို့ကြောင့် သူသည် ထိုလူ၏ ကမ်းလှမ်းမှုကို ပွင့်လင်းစွာ ငြင်းဆိုလျှင် သူတို့ကြားက ဆက်ဆံရေးကို ပျက်ပြားစေလိမ့်မည်။ ထိုအစား မင်းသားသည် ဤအကြောင်းကို သွယ်ဝိုက်သောနည်းဖြင့် စကားကြောင်း၏။

"ဒီတောတောင်တွေအတွင်းမှာ မထိရသေးတဲ့ ကျောက်စိမ်းကြောတွေ များစွာရှိပါတယ်။ အရှင့်သားအနေနဲ့ မတို့ထိရသေးတဲ့ တောင်တန်းကို

ဝယ်ယူလိုပါသလား။ ကျွန်တော်တို့မှာ လက်ရှိရှိနေတဲ့ ကျောက်စိမ်းတွင်းတွေထက် အများကြီး ပိုသာလွန်တဲ့ ကျောက်စိမ်းကြော အကြီးကြီးကို ရှာဖွေရရှိတာမျိုး ဖြစ်နိုင်ပါတယ်။ အရှင့်သားမှာ ကျောက်စိမ်းတွင်း ရှာတတ်တဲ့ အတွေ့အကြုံရှိသူ မရှိဘူးဆိုရင် ဒီမင်းသားက လူတချို့ ငှားပေးနိုင်ပါတယ်"

မြန်မာပြည်မှ မင်းသားက စကားအရာမှာ အလွန်ကျွမ်းကျင်လိမ္မာလှသည်။

မြန်မာနယ်စပ်ဒေသရှိ တောင်တန်းအားလုံးတွင် ကျောက်စိမ်းသတ္တုရိုင်းရှိသည် မဟုတ်ပေ။ သတ္တုတွင်းရှာရန် တောင်တစ်လုံး ဝယ်ယူခြင်းသည် ကြေးကြီးသော အလောင်းအစားတစ်ခုဆိုတာ သိသာထင်ရှားသည်။ သူသည် အကြံပြုချက်ကို မကျေနပ်သည့်နှယ် ခပ်တန်းတန်းနှင့် ဆက်လက်အေးစက်နေသော အင်ပါယာမင်းသားရှု၏ မျက်နှာကို မြင်သောအခါ မင်းသားက အမြန်ထပ်လောင်းပြောကြား၏။

"အရှင့်သား စိုးရိမ်တော်မမူပါနဲ့။ ဒီမင်းသားလက်အောက်မှာ သတ္တုတွင်းပညာရှင် များစွာရှိပါတယ်။ သူတို့အားလုံး အတူတူ အလုပ်လုပ်ကြရင် ဆယ်ကြိမ်မှာ ခုနစ်ကြိမ်ရှစ်ကြိမ်လောက်က ကျောက်စိမ်းကြောကောင်းတစ်ခု တွေ့တတ်ပါတယ်။ အရှင့်သား ဝယ်ယူလိုတဲ့တောင်ကို ကျွန်တော်ကိုယ်တိုင် အသင့်တော်ဆုံးဈေးနဲ့ ရောင်းချပေးပါ့မယ်"

ကျူးကျွင်းယန်က ဆိတ်ဆိတ်နေ၏

'... ဒီမင်းသားက ဘာမှမပြောရသေးတာတောင် ငါ့အတွက် အခြေအနေသာအောင် ပိုချိုသာပေးနေတယ်။ အေးစက်စက် မျက်နှာတည်နဲ့နေခြင်းရဲ့ အကျိုးကျေးဇူးတွေလည်း ရှိတာပဲ'

အံ့ဖွယ်ကျောက်တုံးလေးက သဘာဝတွင်းထွက် အဖိုးတန်ပစ္စည်းတွေက

မှော်စွမ်းအားပါဝင်မှု မြင့်မားကြောင်း ပြောပြဖူးသည်ကို သတိရမိသည်။ ဒါဆို သူမ အံ့ဖွယ်ကျောက်တုံးလေးကို လျှို့ဝှက်လက်နက်အနေနဲ့ အသုံးပြုပြီး မြေကြီးထဲက ကျောက်စိမ်းကြောတွေကို လွယ်လွယ်ကူကူ ရှာဖွေနိုင်မယ် မဟုတ်လား။

သူမ ဒါကို တွေးမိတဲ့အခါ စိတ်ထဲက ရင်ခုန်စိတ်လှုပ်ရှားမှုကို ငြိမ်ကျသွားအောင် မနည်းကြိုးစားလိုက်ပြီး သူမခင်ပွန်းရဲ့ အင်္ကျီလက်ကို ဆွဲကာ တိုးတိုးပြောသည်။

"ဒါဆို ကျွန်မတို့ ဒီတောင်တွေကို ပထမဆုံးပတ်ကြည့်ပြီး ရှုမျှော်ခင်းကြည့်ရင်း ခရီးထွက်ကြရင်ရော"

ကျူးကျွင်းယန်က သူ့ဇနီးလေးရဲ့ တောင်းဆိုချက်ကို ဘယ်တော့မှ ငြင်းပယ်မည် မဟုတ်ချေ။ သူ ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်သည်။ အာ တောင်တစ်လုံးဝယ်တော့လည်း ဝယ်တာပေါ့!

မြန်မာမင်းသားငယ်က အင်ပါယာမင်းသားရှေ့ဘေးမှ မိန်းမပျိုလေးက စကားအချို့ ပြောလိုက်ရုံနှင့် ထိုအကျော်အမော်ပုဂ္ဂိုလ်က ချက်ချင်း စိတ်ပြောင်းသွားသည်ကို မြင်လိုက်ရသောအခါ (ကျူးကျွင်းယန်: ငါ ဆုံးဖြတ်ချက် မချရသေးပါဘူး။ စိတ်ပြောင်းသွားတယ်လို့ မင်းက ဘာလို့ ပြောနေရတာလဲ?) ထိုအမျိုးသမီးက မင်းသားအလေးထားရတဲ့သူဆိုတာ သူသိလိုက်သည်။ ထို့ကြောင့် သူ ချက်ချင်းပဲ သူမအပေါ် အနည်းငယ်မျှ ပိုမို နွေးနွေးထွေးထွေး ဆက်ဆံလိုက်သည်။

ရှာလကာရည်ပုလင်းကြီး ကျူးကျွင်းယန်ကတော့ ဤသည်ကို သေချာပေါက် သဘောမကျလှပေ။ အသက်နှစ်ဆယ်ဝန်းကျင် အရွယ်ရှိတဲ့ အရွယ်ရောက်မင်းသားက သူ့ဇနီးကို ဘာလို့ အရမ်းချိုချိုသာသာ ဆက်ဆံနေရတာလဲ။ ယောက်ျားဖြစ်တဲ့ သူ့ကို သေသွားပြီလို့များ ထင်နေတာလား

ဟမ်?

မြန်မာမင်းသားက သူ့ရဲ့မျက်နှာချိုသွေးမှုဟာ အကျိုးမဲ့ဖြစ်သည်ကို မသိဘဲ အင်ပါယာမင်းသားရှုထံမှ ရုတ်တရက် အေးစက်သော အငွေ့အသက်ကြောင့် သူ့မျက်နှာ ထုံထိုင်းသွားသလို ခံစားလိုက်ရသည်။ အရှင့်သား၏ အကျင့်စရိုက်သည် တကယ် ကောလာဟာလအတိုင်း အလွန်ဒေါသကြီးတာပါပဲလား။ စောနကမှ အကောင်းကြီး ရှိသေးတယ်။ အခု ဘယ်လိုကြောင့် ကိုယ်ဟန်အမူအရာ ချက်ချင်း ပြောင်းလဲသွားရတာလဲ?

နောက်ထပ် ရက်အနည်းငယ်ကြာ မြန်မာမင်းသားနှင့် သူ့ရဲ့ ကျောက်တွင်းပညာရှင်တို့၏ အဖော်ပြုမှုနှင့်အတူ ကျုံးကျွင်းယန်တို့ မောင်နှံ၊ တတိယဘီးလုံးကြီး___ အထိန်းတော်ခေါင်းဆောင်စူးတို့သည် ဒေသတွင်းရှိ တောင်အချို့ကို စိတ်လက်သက်သာစွာ လိုက်လံကြည့်ရှု ကြသည်။

ထိုတောင်တွေသည် ဘဘာဝပေါက်ပင်တွေ ထူထဲစွာ အုပ်ဆိုင်းနေပြီး ကဗျာထဲတွင် ရေးဖွဲ့လေ့ရှိသော ရှုမျှော်ခင်းကောင်းပြီး လှပသော တောင်တန်းမျိုး မဟုတ်ပေ။ အဆိပ်ရှိသောမြွေနှင့် အင်းစက်တွေအပြင် ရက်စက်ကြမ်းကြုတ်သော သားရဲတိရစ္ဆာန်ကြီးများနှင့် အဆိပ်ရှိ နွံနစ်တွင်းတွေလည်း ရှိသေးသည်။ ရှောင်ချောင်းက အင်းဆက်နှင့် မြွေတွေကို မောင်းထုတ်နိုင်သည့် အထူးဆေးတချို့ ဖော်စပ်ရန် အံ့ဖွယ်ကျောက်တုံးလေးနှင့် ဆွေးနွေးတိုင်ပင်သည်။ အမွှေးနံ့သာ အိတ်ထဲတွင် ထည့်ထားပါက အဆိပ်ရှိသတ္တဝါတွေသည် သူတို့ကို ပုလိပ်ရောဂါကဲ့သို့ အလိုလို ရှောင်ရှားလိမ့်မည်။ ရက်စက်ကြမ်းကြုတ်သည့် သားရဲတိရစ္ဆာန်တွေကိုတော့ သတ်ဖြတ်ရေးစက်သဖွယ် ဓားရေးကျွမ်းကျင် သော ကျုံးကျွင်းယန်နှင့် စူးရန်ရှိလျှင် ဘာမှကြောက်စရာ မရှိချေ။ အဆိပ်ရှိ နွံအိုင်တွေကိုတော့ ဘက်စုံအဆိပ်ဖြေဆေး တစ်လုံး သုံးရုံနဲ့ သူတို့ကို လိုအပ်သည်ထက် ပိုကာကွယ်ပေးနိုင်သည်။

လူစုသည် လူမနေသော တောကြီးမျက်မဲထဲတွင် ပြဿနာတစ်စုံတစ်ရာ မရှိဘဲ လှည့်လည်ကြည့်ရှုနိုင်ကြသည်။ ဤအချက်သည် မြန်မာမင်းသား၏ လူစုအား အတော်လေး အံ့အားသင့်စေသည်။ မင်မင်းဆက် အုပ်ချုပ်သူသည် ကောင်းကင်ဘုံ၏ သားတော်အစစ်အမှန်ဖြစ်သည်ဟု သူတို့အားလုံး ပြောဆိုကြသည်။ အင်ပါယာအမျိုးအဆွေ တစ်ယောက်အနေနှင့် အင်ပါယာမင်းသားရှုသည်လည်း ကောင်းကင်ဘုံ၏ ကောင်းချီးပေးခံရသူ တစ်ယောက် မဟုတ်ပါလော။

မြန်မာမင်းသားငယ်သည် အယူသည်းသူတစ်ယောက် ဖြစ်သောကြောင့် အင်ပါယာမင်းသားရှုအပေါ် ပို၍ရိုသေသမှုရှိကာ ယဉ်ကျေးဖော်ရွေ လာသည်။

‘ကောက်ညှင်းဖက်ထုပ်လေး၊ ဒီလွန်ခဲ့တဲ့ ဆယ်ရက်အတွင်း မင်း ဘာတွေ တွေ့ထားလဲ?’

တစ်ညတွင် သက်တောင့်သက်သာရှိသော ဂူထဲ၌ အနားယူနေသော ရှောင်ချောင်းသည် လူတစ်ယောက်၏ လက်မောင်းမျှတုတ်သော မြွေတစ်ကောင်ကို ကင်ရင်း အံ့ဖွယ်ကျောက်တုံးလေးနှင့် စိတ်ချင်းဆက်သွယ် စကားပြောနေလေသည်။

[ငါ တွင်းတချို့ကို အာရုံခံမိပေမယ့် သူတို့ဆီကရတဲ့ ဝိဉာဉ်စွမ်းအင်က အရမ်းနည်းတယ်။ အဲ့ဒီကျောက်စိမ်းကြောတွေမှာ သေချာပေါက် ကျောက်စိမ်းတွေ အများကြီးရှိမှာ မဟုတ်ဘူး။ ဒ့ါကြောင့် ဝယ်ရင် အရှုံးပေါ် လိမ့်မယ်]

အံ့ဖွယ်ကျောက်တုံးလေးက ရွှေရောင်ကြောင်လေးအသွင် ပြောင်းလဲသွားသည်။ မြန်မာပြည်မှ မင်းသားက သူ့ကို မျက်လုံးရွဲကြီးတွေနဲ့ စိုက်ကြည့်နေတာကြောင့် ပျင်းရိစွာ အကြောဆန့်ပြီး ရှောင်ချောင်း နောက်မှာ

ပုန်းကွယ်နေလိုက်သည်။

မင်းသားငယ်က အံ့ဖွယ်ကျောက်တုံးလေးရဲ့ ရွှေရောင်အမွေးတွေကို ပွတ်သပ်ရန် လက်ဆန့်ထုတ်လိုက်ပေမယ့် ကုတ်ခြစ်ခြင်းခံလိုက်ရသည်။ သူ့လက်ဖမိုးမှာ အနီရောင်ခြစ်ရာကြီးတစ်ခု ထင်သွားသည်။ သို့ပေမယ့် သူက ပြုံးရယ်၍သာ ပြောလာသည်။

"မင်းသမီး၊ မင်းသမီး အချစ်တော်လေးရဲ့ အမွေးက တောက်ပြောင်ပြီး ကြွရွနေတာပဲ။ သာမန်ကြောင်နဲ့တောင် မတူဘူး"

ယွီရှောင်ချောင်းက သူမအမျိုးသား ခွံ့ကျွေးတဲ့ အသားကင်ကိုစားရင်း သာယာနေသည်။ သူမပါးစပ်ထဲက အစာက အရသာခံပြီးနောက် နှုတ်ခမ်းထောင့်ကို သာသာသုတ်ကာ ကြောင်လေးရဲ့ ရှေ့လက်တွေနဲ့ ဆော့ကစားလိုက်သည်။ အံ့ဖွယ်ကျောက်တုံးလေးက သူမကို မုန်းမုန်းတီးတီး ကြည့်လာတဲ့အခါမှ သူ့လက်တွေကို ပြန်ချပေးလိုက်သည်။ သူမက ပြုံးလိုက်ရင်း

"ဟုတ်လား? ဒီမင်းသမီးကတော့ သူ့ကို တစ်ခုခုထူးခြားတယ်လို့ မထင်မိပါဘူး"

သူမက အံ့ဖွယ်ကျောက်တုံးလေးနဲ့ စိတ်ချင်းဆက်သွယ်လိုက်သည်။

'ဒီမှာ တောတွေတောင်တွေ အရမ်းပေါတယ်။ ဒါတွေအားလုံးကိုသာ လမ်းလျှောက်ပြီး ပတ်ရရင် ဘယ်လောက်တောင် ကြာမှာလဲ? မင်း ဒီညကို ကောင်းကောင်းအသုံးချပြီး ဒီတပိုက်မှာ စိတ်ဝင်စားစရာတစ်ခုခု ရှိမရှိ တစ်ချက်လောက် အမြန်ကြည့်ပေးပါလားဟင်'

[ဟမ့် သူများကို ခိုင်းစားဖို့ပဲသိ!]

အံ့ဖွယ်ကျောက်တုံးလေးက နည်းနည်း အတွန့်တက်လိုက်ပေမယ့် လိုဏ်ဂူထဲကနေ ကျက်သရေအပြည့်နဲ့ ထွက်သွားသည်။

မြန်မာပြည်မှ မင်းသားက စိုးရိမ်စွာ မေးမြန်းလာသည်။

"တောင်ပေါ်မှာ သားရဲတိရိစ္ဆာန်တွေ ပေါတယ်။ အပြင်ကို လျှောက်သွားလို့ အန္တရာယ်နဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ။ စောင့်ရှောက်ဖို့ လူတချို့ ထည့်မပေးသင့်ဘူးလား?"

"ရပါတယ်!"

ကျောက်တုံးလေးက ဂူထဲကနေ ထွက်ထွက်ချင်း ရောင်စဉ်တန်းလေး တစ်ခုအဖြစ် ပြောင်းလဲကာ တောအုပ်ထဲသို့ ဝင်သွားပြီဆိုတာ သူမ သေချာသည်။ ယွီရှောင်ချောင်းက အကြောင်းပြချက်တစ်ခု ပေးလိုက်သည်။

"ကောက်ညှင်းဖက်ထုပ်လေးက အရမ်းပါးနပ်လို့ သားရဲကောင်တွေ သူ့ကို ဖမ်းနိုင်မှာမဟုတ်ဘူး"

ထိုညမှာ ရှောင်ချောင်းက သူမကိုယ်တိုင် ချုပ်ထားတဲ့ ခရီးဆောင်အိပ်ယာထဲ တိုးခွေ့ကာ သူမအမျိုးသားဘေးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ခဲ့သည်။ ငယ်ရွယ်တဲ့ မြန်မာမင်းသားလေးက ဒါကိုမြင်ပြီး စိတ်ထဲမှာ တော်တော်လေး ပဟေဠိ ဖြစ်နေတော့သည်။

'ကြီးမြတ်တဲ့ မင်းအင်ပါယာက မိန်းမမြတ်တွေက အထိမခံ ရွှေပန်းကန်လေးတွေလို နူးညံ့ကြတယ်ဆို။ ဒါပေမယ့် ကြင်ယာတော် မင်းသမီးရှုက ချွင်းချက်ဖြစ်တဲ့ပုံပဲ။ ငါတို့ ယောက်ျားကြီးတွေနောက် လိုက်လာရပေမယ့် ဒီရက်တွေထဲ နည်းနည်းလေးမှ မညီးညူဘူး။ ဒီကလမ်းကြောင်းတွေက လုပ်ရကိုင်ရခက်လို့ အတွေ့အကြုံရှိတဲ့ မုဆိုးတောင် တစ်နေ့ကုန်ရင် ပင်ပန်းသွားတာ။ ဘာလို့ ကြင်ယာတော် မင်းသမီးရှုက အဆင်ပြေတဲ့ပုံပေါက်နေရတာလဲ? ဧကန္တ... မင်းသမီးက သိုင်းပညာကျွမ်းကျင်သူ တစ်ယောက်များလား?'

ရုတ်တရက် ဂူထဲကအပူချိန် ထိုးကျသွားသလို ခံစားလိုက်ရပြီး မင်းသားခများ ကြက်သီးဖြန်းခနဲ ထသွားသည်။ အကြောင်းမှာ အင်ပါယာမင်းသားရှူက သူ့ကို မျက်လုံးစိမ်းကြီးနဲ့ စိုက်ကြည့်နေတာကို တွေ့လိုက်ရတာကြောင့်ပင်။ ထိုအခါမှသာ သူ ကြင်ယာတော်မင်းသမီးရှူကို ခပ်ကြာကြာ စိုက်ကြည့်နေမိမှန်း သတိဝင်သွားပြီး တစ်ခုသော ရှာလကာရည်အိုးကို ဒေါသထွက်အောင် လုပ်မိကြောင်း သိလိုက်ရသည်။ အင်ပါယာမင်းသားရှူက သူ့ဇနီးကို ကာကွယ်လွန်းသည်။ သူမကို ကြာကြာလေး ကြည့်မိရင်တောင် မရဘူး!

ဒီဇနီးမောင်နှံက တကယ်ပင် ထူးဆန်းလွန်းသည်။ သူတို့နဲ့အတူ လူပိုတစ်ယောက်(သုံးဘီးစူးရန်) ပါလာတယ်ဆိုတော့ သူတို့ဆက်ဆံရေး တိုးတက်ဖို့ ခရီးထွက်နေတာနဲ့တော့ သိပ်မတူဘူး။ ကြည့်ရတာ ကြီးမြတ်တဲ့ မင်းအင်ပါယာ ဧကရာဇ်က မြန်မာပြည်ကနေ တစ်ခုခုလိုချင်လို့ စုံစမ်းစစ်ဆေးအတွက် သူတို့ကို လွှတ်လိုက်တာများလား? ဒါလည်း ဟုတ်မယ်မထင်ဘူး။ ဒီမောင်နှံက တောင်ပေါ်မှာ ရက်တော်တော်ကြာ ရှိနေခဲ့ကြတာ။ အမဲလိုက်တာ၊ ဆေးမြစ်စုတာကလွဲလို့ တခြားဘာမှ မလုပ်ကြဘူး! ပြီးတော့ သူတို့က ကျောက်စိမ်းတွင်းတွေ အကြောင်း သူနဲ့ သူ့အဖွဲ့ကို မေးဖို့လည်း စိတ်ဝင်စားကြပုံမတူဘူး။ အင်း သူတို့ကို ထပ်ပြီး စောင့်ကြည့်ဖို့လိုပြီ!

***